PAUNG SIE FACILITY

# ပဋိပက္ခဖြစ်လွယ်မှုကိုအလေးထားခြင်း

## - ပေါင်းစည်းလုပ်ငန်းအဖွဲ့၏ မိတ်ဖက်အဖွဲ့အစည်းများအတွက်လမ်းညွှန်

PSF အနေဖြင့် ရန်ပုံငွေပံ့ပိုးသည့်စီမံချက်တိုင်းတွင် ပဋိပက္ခဖြစ်လွယ်မှုအလေးထားခြင်းအား မဖြစ်မနေထည့်သွင်းလုပ်ဆောင်သွားရန်ကတိပြုထားပြီးဖြစ်ပါသည်။ လူမှုရင်းနှီးကျွမ်းဝင်ပေါင်းစပ်မှု၊ လူမှုသဟဇာတဖြစ်မှုအား တည်ဆောက်ရာတွင် အစပျိုးလုပ်ဆောင်ချက်များအနေဖြင့် ဘေးထွက်ဆိုးကျိုးဖြစ်စေမှုကို လျော့ကျစေကာ ဖြစ်ထွန်းစေအပ်သော ကောင်းကျိုးတရားများပိုမိုဖြစ်ထွန်းလာစေရန် အရေးကြီးလှပါသည်။ ထို့အတွက် အစပျိုးလုပ်ဆောင်ချက်များအနေဖြင့် လုပ်ငန်းစဉ်စတင်ချိန်မှဆုံးခန်းတိုင်ချိန်သည်အထိ ပဋိပက္ခဖြစ်လွယ်မှုကိုအလေးထားခြင်းအား ထည့်သွင်းစဉ်းစားရပါမည်။

ပဋိပက္ခဖြစ်လွယ်မှုကိုအလေးထားခြင်းဆိုသည်မှာ အဖွဲ့အစည်းတစ်ခုသည် အောက်ပါအချက်များအား စွမ်းဆောင်နိုင်ခြင်းပင်ဖြစ်ပါသည်။ -

၁) ၎င်းအဖွဲ့လုပ်ငန်းဝင်ရောက်ဆောင်ရွက်မည့် နယ်မြေဒေသနှင့် ပြဿနာရင်းခံ၊ သမိုင်းနောက်ခံအခြေ အနေများအား ကောင်းစွာနားလည်ထားခြင်း၊

၂) အဖွဲ့၏ ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများနှင့် ဒေသ၏ နောက်ခံအခြေအနေများအကြား အပြန်အလှန်အကျိုး သက်ရောက်နိုင်မှုကို ကောင်းစွာနားလည်ခြင်း၊

၃) ယင်းသို့နားလည်မှုများအပေါ်အခြေခံ၍ အဆိုးတရား သက်ရောက်မှုများအားလျော့ကျစေပြီး၊ ကောင်းကျိုး သက်ရောက်မှု တိုးမြင့်လာစေရန်အတွက်ဆောင်ရွက်နိုင်ခြင်း၊

သင်၏စီမံကိန်းတွင် အောက်ပါအချက်များအား ကျွန်ုပ်တို့အနေဖြင့်တွေ့မြင်လိုပါသည်။ -

၁) စီမံကိန်းနှင့်သက်ဆိုင်သည့် အရပ်ဒေသ၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်အဆင့် အလိုက်စသဖြင့် ဒေသနောက်ခံအခြေအနေအရပ်ရပ်ကို သင်ဘယ်လိုနားလည်ထားပါသလဲ။ ကျွန်ုပ်တို့အနေဖြင့် မိတ်ဖွဲ့အဖွဲ့အစည်းများမှ၎င်းတို့၏ ပဋိပက္ခဆိုသည့်အကြောင်းချင်းရာအပေါ် နားလည်ထားမှုအား အခြားသူများနှင့်အတူဝေမျှခြင်းဖြင့် ကျွန်ုပ်တို့အားလုံး၏နားလည်ထားမှုကို ပိုမိုရှင်းလင်းစွာသဘောပေါက် လာရန်အတွက်ပံ့ပိုးပေးရန် တိုက်တွန်းပါသည်။

၂) စီမံကိန်းနှင့်သက်ဆိုင်သည့် အရပ်ဒေသ၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်အဆင့်အလိုက်စသဖြင့် ဒေသနောက်ခံအခြေအနေနှင့် သင်၏စီမံချက်မည်သို့မည်ပုံ အပြန်အလှန်အကျိုးသက်ရောက်မှုရှိမည့် အပေါ် သင်မည်ကဲ့သို့နားလည်သဘောပေါက်ပါသလဲ၊

၃) သင်၏စီမံကိန်းကို အဆိုးတရားသက်ရောက်မှုများ လျော့နည်းလာစေပြီး၊ ကောင်းကျိုးသက်ရောက်မှုတိုးမြင့်လာစေရန် မည်သို့ဒီဇိုင်းရေးဆွဲထားပါသလဲ၊

၄) စီမံကိန်းအစမှအဆုံးထက်တိုင် မြန်မာပြည်၏စဉ်ဆက်မပြတ်လှုပ်ရှားဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေလိုက်လျောညီထွေစွာ လျင်လျင်မြန်မြန် ပြုလွယ်ပြောင်းလွယ်နိုင်စေရန်အတွက် မည်သို့စီစဉ်ထားပါသလဲ၊

### ပဋိပက္ခဖြစ်မှုအားအလေးထားနိုင်ရန်အတွက်ချဉ်းကပ်ပုံ

"မည်သည့်ထိခိုက်မှုအားမဖြစ်စေခြင်း (Do No Harm)" အခြေခံစည်းမျဉ်းသည် သင်၏ စီမံကိန်း အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပဋိပက္ခဖြစ်စေမှုအားအလေးထားခြင်းအား ထည့်သွင်းဆောင်ရွက်နိုင်စေရန်အတွက် အခြေခံကျဆုံးသောချဉ်းကပ်ပုံများအနက်မှ တစ်ခု ဖြစ်ပါသည်။ DNH သည် အမြဲပြောင်းလဲနေသော အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေရှိစွာတုံ့ပြန်ဆောင်ရွက်နိုင်စေရန်အတွက် အသုံးပြုနိုင်ပါသည်။

### ပဋိပက္ခဖြစ်လွယ်မှုအားအလေးထားခြင်းကို လိုက်နာကျင့်သုံးပုံ အဆင့်များ

၁) မိမိစီမံကိန်းလုပ်ကိုင်ဆောင်ရွက်မည့်ရေခံမြေခံအခြေအနေကိုလေ့လာသုံးသပ်ပါ။ ပဋိပက္ခအား ဘက်ပေါင်းစုံ/

ရှုထောင့်ပေါင်းစုံမှ လေ့လာနားလည်လာနိုင်စေရန်ဖြစ်ပါသည်။

၂) ဒေသအခြေအနေပေါ်မူတည်၍အဓိကကျသည့် ခွဲခြားမှုဖြစ်စေသည့်အရာများနှင့် ပေါင်းစပ်မှုဖြစ်စေသည့်အရာများအားဖေါ်ထုတ်ပါ။

၃) ပဋိပက္ခဖြစ်လွယ်မှုအား ထည့်သွင်းစဉ်းစားလျက် စီမံချက်၏ အရေးပါသောအသေးစိတ်လုပ်ငန်းများအား စီစဉ်ရေးဆွဲရန်ဖြစ်ပါသည်။ ယင်းတို့တွင် စီမံချက်ပုံစံနှင့်ချဉ်းကပ်မှုပုံစံ၊ အရင်းနှီးများအားလွှဲပြောင်းပေးခြင်း၊ ဝန်ထမ်းခန့်ထားခြင်း၊ စီမံချက်လုပ်ငန်းများ၊ နေရာဒေသရွေးချယ်ခြင်း၊ အကောင်အထည်ဖေါ်ဆောင်ရွက်မည့်အချိန်၊ ရည်မှန်းချက်များ၊ အကျိုးခံစားခွင့်ရှိသူများ၊ မိတ်ဖက်များနှင့်အာဏာပိုင်အဖွဲ့အစည်း များနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊

၄) ဝန်ထမ်း၏ အပြုအမူအားလေ့လာသုံးသပ်ခြင်း (အထူးသဖြင့် လေးစားမှု၊ တာဝန်ခံမှု၊ မျှတမှုနှင့်ပွင့်လင်းမြင်သာမှုစသည့်) နှင့် အမြဲပြောင်းလဲနေသော အငြိပက္ခအခြေအနေပေါ် ၎င်း၏ သက်ရောက်မှုများ၊

၅) စီမံချက်စက်ဝန်းတလျှောက်လုံးတွင် ပဋိပက္ခအားအလေးထားမှုရှိသည့်စီမံချက်တစ်ခုဖြစ်စေရန် စီစဉ်ရေးဆွဲပါ (လူသားအရင်းအမြစ်၊ ဘဏ္ဍာရေးဆိုင်ရာနှင့် ဝယ်ယူဖြည့်တင်းခြင်းဆိုင်ရာ စသည့်လုပ်ငန်းများတွင်)

ပဋိပက္ခအလေးထားမှုချဉ်းကပ်မှုပုံစံအားအသုံးပြုရန်အတွက် မည်သူမှမထိခိုက်စေနိုင်သည့် အောက်ဖေါ်ပြပါအခြေခံနည်းစနစ်သုံးခုအား အသုံးပြုနိုင်ပါသည်။

## ခွဲခြားပေးသည့်အရာများနှင့် ပေါင်းစပ်ပေးသည့်အရာများအားခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်း (DCA)

**ခွဲခြားပေးသည့်အရာများ** သည် လူထုအတွင်းခွဲခြားမှု ကွဲပြားမှုကိုဖြစ်စေသည့်အရေးရာကိစ္စရပ်များ၊ အကြောင်းရာများ ၊ အစိတ်အပိုင်းများနှင့် တင်းမာမှုကိုဖြစ်စေသည့်ရင်းမြစ်များဖြစ်ပါသည်။ **ပေါင်းစပ်ပေးသည့်** အရာများသည် လူများအားဆက်သွယ်ပေါင်းစပ်ပေးနိုင်သည့်အရေးရာကိစ္စရပ်များ၊ အကြောင်းရာများ၊ အစိတ်အပိုင်းများနှင့် ဒေသတွင်း ငြိမ်းချမ်းမှုကိုဖြစ်စေသည့် စွမ်းဆောင်ရည်အဖြစ် ဆောင်ရွက်ပေးပါသည်။ ခွဲခြားပေးသည့်အရာများနှင့် ပေါင်းစပ်ပေးသည့်အရာများသည် လူပုဂ္ဂိုလ်တစ်ဦးချင်း မဟုတ်ကြပါ။

ခွဲခြားပေးသူများနှင့် ပေါင်းစပ်ပေးသူများသည် ဒေသတွင်းဝင်ရောက် လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းများ အပေါ် ပိုဆိုးလာစေခြင်း (သို့) ပိုကောင်းလာစေခြင်းစသည့် တစ်နည်းနည်းဖြင့် ဆက်နွယ်လာလေ့ရှိသည်။ ခွဲခြားပေးသည့်အရာများနှင့် ပေါင်းစပ်ပေးသည့်အရာများအား စဉ်းစားရာတွင် အောက်ဖေါ်ပြပါ အဓိကကျသည့် မေးခွန်းများသည် သင့်အတွက် အထောက်အကူဖြစ်စေနိုင်ပါသည်

၁) ဘယ်အကြောင်းရာတွေက အခုအခြေအနေမှာ လူတွေကိုကွဲအောင် (သို့) လူမှုရေးခြားနားမှုတွေ ဖန်တီးနေတာတွေ လုပ်နေသလဲ၊

၂) ဘယ်အကြောင်းရာတွေက အခုအခြေအနေမှာ လူတွေကိုပေါင်းစပ်အောင် (သို့) လူမှုသဟဇာတ ဖြစ်အောင် ပံ့ပိုးနေသလဲ၊

၃) လူမှုသဟဇာတမဖြစ်အောင် ဘာတွေက လက်ရှိအချိန်မှာ ခြိမ်းခြောက်နေတာလဲ၊

၄) ဒီအခြေအနေမှာ တင်းမာမှုတွေဖြစ်လာအောင် ဘာတွေက တွန်းအားပေးနေတာလဲ၊

၅) ဘာတွေက လက်ရှိအချိန်မှာ လူမှုသဟဇာတဖြစ်အောင် ပံ့ပိုးနေတာလဲ၊

၆) ဘာတွေက လူတွေက အတူတကွဖြစ်စေသလဲ၊

## အသေးစိတ်အချက်အလက်များအား ဖြန့်ကျက်ကြည့်ခြင်း (CDM)

CDM သည် စီမံချက်တစ်ခု၏ ပုံစံ၊ ချဉ်းကပ်မှုနှင့် လုပ်ငန်းစဉ်များအား ခွဲခြမ်းစိတ်ဖြာဝေဖန်သုံး သပ်ရန်အတွက် အသုံးပြုလေ့ရှိပါသည်။

အရေးပါသည့်အသေးစိတ်စဉ်းစားရမည့် အချက် (၆) ချက်

၁) ဦးတည်အုပ်စုရွေးချယ်ခြင်း၊ ဘယ်သူတွေက ပံ့ပိုးမှုကိုလက်ခံရရှိမှာလဲ၊ သူတို့ကိုဘယ်လိုရွေးချယ်ခဲ့တာလဲ၊ ဘာကြောင့်လဲ၊

၂) အရင်းအမြစ်သွင်းအားစုများ- ဘယ်အရင်းမြစ်တွေကို သင်ယူဆောင်လာမလဲ၊ ဘာကြောင့်လဲ၊
၃) ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း - ဘယ်သူတွေက သင့်ဝန်ထမ်းတွေဖြစ်မလဲ၊ ဘာကြောင့်သူတို့ကိုရွေးချယ်ခဲ့တာလဲ၊
၄) မိတ်ဖက်ရွေးချယ်ခြင်း - ဘယ်သူတွေက သင်နဲ့အလုပ်အတူလုပ်ကြမလဲ။ ဘာကြောင့်လဲ၊ ဘယ်လိုသူတို့ကို ရွေးချယ်ခဲ့တာလဲ၊
၅) အာဏာပိုင်များနှင့် အတူတကွလုပ်ကိုင်ခြင်း - ဒေသအာဏာပိုင်များနှင့် မည်သို့ချိတ်ဆက်ဆောင်ရွက်မည်လဲ၊ ဘာကြောင့်လဲ
၆) မည်သို့ဆောင်ရွက်မည် - ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ခြင်းအတွက် မည်သို့ဒီဇိုင်းဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပါသလဲ

ဖေါ်ပြပါ အရေးပါသည့်အသေးစိတ်စဉ်းစားရမည့်အချက်များအပြင် ပိုင်းခြားစေမည့်အရာများနှင့် ပေါင်းစပ် ပေးသည့်အရာများအပေါ် သင်၏ ဝန်ထမ်း၊ မိတ်ဖက်အဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများ၏ အပြုအမူများက သက်ရောက်နိုင်မှု အနေအထားကိုလည်း ပြန်လည်သုံးသပ်ရန်လည်း အရေးကြီးပါသည်။ အဓိကကျသည့် စဉ်းစားရမည့် အချက်များမှာ

- လေးစားမှု၊ သင်၏ အပြုအမူသည် ဒေသခံပြည်သူလူထုနှင့် စီမံကိန်းနှင့် ပတ်သတ်ဆက်နွယ်သည့် ပုဂ္ဂိုလ်များအပေါ် ရှိသေလေးစားမှုကို ဖေါ်ပြပါသလား၊

- တာဝန်ခံမှု၊ သင်၏အပြုအမူသည် သင်၏ဝန်ထမ်းများ၊ မိတ်ဖက်များနှင့်စေတနာ့ဝန်ထမ်းများမှ သူတို့၏ လုပ်ဆောင်ချက်အပေါ်တာဝန်ယူမှုရှိခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် စီမံကိန်းနှင့်ပါတ်သတ်ဆက်နွယ်သည့် ပုဂ္ဂိုလ်များ၏ စိုးရိမ်ပူပန်မှုအား သေချာစွာ နားထောင်ပါသလား၊

- မျှတခြင်း ဒေသခံပြည်သူလူထုနှင့် စီမံကိန်းနှင့် ပတ်သတ်ဆက်နွယ်သည့် ပုဂ္ဂိုလ်များအနေဖြင့် သင့်အနေဖြင့် တရားမျှ စွာဆောင်ရွက်နေသည်ဟု သတ်မှတ်နိုင်သည်အထိ ဆောင်ရွက်ပေးနေပါသ လား၊

- ပွင့်လင်းမြင်သာမှု၊ သင့်အနေဖြင့် စီမံချက်နှင့်ပတ်သတ်သည့် သတင်းအချက်အလက်များသည် အများပြည်သူ လက်လှမ်းမီနိုင်စေရန်၊ နားလည်လွယ်စေရန်နှင့် ပြည်သူနှင့်စီမံချက်နှင့်ပါတ်သတ်ဆက်နွယ် သူများအကြား အပြန်အလှန်ဆွေးနွေးနိုင်စေရန်အတွက် လုပ်ကိုင်ဆောင်ရွက်ထားပါသလား၊

ပိုမိုသိရှိလိုသည်များရှိပါကဖေါ်ပြပါ လမ်းညွှန်ချက်အား ကိုးကားဖတ်ရှုနိုင်ရန်ဖြစ်ပါသည်-
https://raftmyanmar.org/wp-content/uploads/2019/01/DNH-Mainstreaming-Guide_ENG.pdf

## ဆက်သွယ်ရန်
ပဋိပက္ခအလေးထားခြင်းအား နားလည်သဘောပေါက်စေရန်နှင့် လိုက်နာကျင့်သုံးရန်အတွက် PSF အဖွဲ့ဝင်များအား ဆက်သွယ်နိုင်ပါသည်။ စီမံကိန်းအရာရှိများအနက်မှ တစ်ဦးကိုသာ ဆက်သွယ်ရန်ဖြစ်ပါသည်။